FEED THE FUTURE
The U.S. Government's Global Hunger & Food Security Initiative

# သတင်းထုတ်ပြန်ကြေငြာချက်

## Myanmar Innovative Life Sciences (MILS) နှင့် Feed the Future Burma စိုက်ပျိုးရေးနှင့် အစားအစာထုတ်ကုန်စနစ်ဖွံ့ဖြိုးမှုစီမံကိန်းတို့ မိတ်ဖက်သဘောတူညီအကျိုးတူပူးပေါင်းဆောင်ရွက်ခြင်း

*ယခုကဲ့သို့ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် မြန်မာနိုင်ငံ၏စိုက်ပျိုးမွေးမြူရေး၊ စားသောက်ကုန်ထုတ်လုပ်ရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာကာ နိုင်ငံတကာဈေးကွက်နှင့်ချိတ်ဆက်နိုင်မှုအခွင့်အလမ်းများ ပိုမိုရရှိလာစေရန်အတွက် အစားအစာဘေးကင်းရေးနှင့်အရည်အသွေးမြှင့်တင်နိုင်ရေးဆိုင်ရာ နည်းပညာအကူအညီပေးရေးဝန်ဆောင်မှုများပေးအပ်သွားရန်ရည်ရွယ်ပါသည်။*

ရန်ကုန် ၊ ဒီဇင်ဘာ (၂၃) ၊ (၂၀၂၀) ပြည့်နှစ်

Myanmar Innovative Life Sciences (MILS) သည် "Feed the Future Burma စိုက်ပျိုးရေးနှင့်အစားအစာထုတ်ကုန်စနစ် ဖွံ့ဖြိုးမှုစီမံကိန်း နှင့် Myanmar Innovative Life Sciences (MILS) တို့၏ မိတ်ဖက်သဘောတူညီအကျိုးတူပူးပေါင်းဆောင်ရွက်မှု" အမည်ဖြင့် ယခုစီမံကိန်းကို အမေရိကန်နိုင်ငံသားများ၏ ရက်ရောလှသောကူညီပံ့ပိုးမှုဖြင့်အတူတကွစတင်အကောင်အထည်ဖော်ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း အသိပေးကြေငြာချက်ထုတ်ပြန်အပ်ပါသည်။

ယခုစီမံကိန်းသည် အစားအစာထုတ်ကုန်စနစ်အခြေခံအရည်အသွေးမြှင့်တင်မှု (Food System Quality Infrastructure – FSQI) ကို အဓိက လုပ်ဆောင်သွားမည်ဖြစ်ပြီး ယခုကဲ့သို့ပူးပေါင်းဆောင်ရွက်မှုသည် ပုဂ္ဂလိကကဏ္ဍမှ ကုမ္ပဏီတခုအနေဖြင့် နိုင်ငံတကာဖွံ့ဖြိုးရေးအေဂျင်စီတခုနှင့်အတူ ဤကဏ္ဍအတွက် ပထမဦးဆုံးအကြိမ် တရားဝင်ပူးပေါင်းဆောင်ရွက်မှုတစ်ခုလည်းဖြစ်ပါသည်။ ယခုကဲ့သို့ စီမံကိန်းအား အတူတကွ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် စိုက်ပျိုးရေး၊ စားသောက်ကုန်ထုတ်လုပ်သည့်တန်ဖိုးကွင်းဆက်များ (Agri-Food Value Chains) တလျှောက် အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် အရည်အသွေးမြှင့်တင်နိုင်ရေးကို စနစ်တကျဆောင်ရွက်နိုင်လာကြပြီး မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးနှင့်အစားအစာထုတ်ကုန်စနစ်များ ဖွံ့ဖြိုးတိုးတက်လာကာ ဈေးကွက်ချိတ်ဆက်နိုင်မှုအခွင့်အလမ်းများလည်း ပိုမိုခိုင်မာစွာရရှိလာကြမည်ဖြစ်ပါသည်။

ယခုစီမံကိန်းကို အကျိုးတူပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်သွားကြမည့် ကျွန်ုပ်တို့မိတ်ဖက်အဖွဲ့အစည်းနှစ်ခုအနေဖြင့် စီမံကိန်း၏ မျှော်မှန်းချက်ရလာဒ်များ ပြည့်မီစေရေးအတွက် နောင်လာမည့် (၃) နှစ်အတွင်း အမေရိကန်ဒေါ်လာ (၆၀၀,၀၀၀) နီးပါးကို အတူတကွ ရင်းနှီးမြှုပ်နှံသွားကြမည်ဖြစ်ပါသည်။ ထို့အပြင် Feed the Future Burma စိုက်ပျိုးရေးနှင့်အစားအစာထုတ်ကုန်စနစ်ဖွံ့ဖြိုးမှုစီမံကိန်းအနေဖြင့် Myanmar Innovative Life Sciences ၏ ပင်မအစားအသောက်အရည်အသွေးထိန်းချုပ်ရေးဓာတ်ခွဲခန်းကို နိုင်ငံတကာစံချိန်စံညွှန်း ISO/IEC 17025 အသိအမှတ်အပြုလက်မှတ်ရရှိရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ နည်းပညာအကူအညီများ ပံ့ပိုးကူညီဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ယခုကဲ့သို့ နှစ်ဦးမိတ်ဖက်သဘောတူညီအကျိုးတူပူးပေါင်းဆောင်ရွက်မှုများအရ ရန်ကုန်မြို့ အခြေစိုက် အစားအသောက်အရည်အသွေးထိန်းချုပ်ရေးဓာတ်ခွဲခန်းတွင် ဓာတ်ခွဲစစ်ဆေးပေးနိုင်မှုကို စနစ်တကျတိုးချဲ့မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကာ အဆိုပါဓာတ်ခွဲခန်းအား နိုင်ငံတကာအသိအမှတ်ပြု ISO/IEC 17025 လက်မှတ်ရရှိစေရေးအတွက်လည်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထို့အပြင် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်များတွင် စိုက်ပျိုး၊

USAID FROM THE AMERICAN PEOPLE
mils Myanmar Innovative Life Sciences
ACDI VOCA Expanding Opportunities Worldwide

မွေးမြူရေး စားသောက်ကုန်ထုတ်လုပ်သည့်လုပ်ငန်းများနှင့်တောင်သူလယ်သမားများအား အဆိုပါဓာတ်ခွဲစမ်းသပ်စစ်ဆေးရေးဝန်ဆောင်မှုများကို တိုးချဲ့ပေးအပ်နိုင်ရေးအတွက် အတူတကွပူးပေါင်းဆောင်ရွက်သွားကြမည်ဖြစ်ပါသည်။

ယခုကဲ့သို့ စီမံကိန်းအကျိုးတူပူးပေါင်းဆောင်ရွက်ကြခြင်းနှင့်စပ်လျဉ်း၍ MILS ၏ အမှုဆောင်အရာရှိချုပ် (CEO) ဦးကျော်သူထက်၏ မှတ်ချက်ပြုစကားမှာ “MILS အနေနဲ့ စားသောက်ကုန်စိုက်ပျိုးမွေးမြူထုတ်လုပ်နေကြတဲ့ လုပ်ငန်းရှင်တွေနဲ့ တောင်သူလယ်သမားတွေအတွက်လိုအပ်တဲ့ စားသောက်ကုန်အရည်အသွေးထိန်းချုပ်ရေးဝန်ဆောင်မှုတွေကိုပေးအပ်ခြင်းအားဖြင့် ဒီလုပ်ငန်းတွေအနေနဲ့ ပိုမိုဘေးကင်းလုံခြုံစိတ်ချရပြီး အရည်အသွေးပြည့်မီသောစားသောက်ကုန်တွေကိုထုတ်လုပ်နိုင်လာကြမှာဖြစ်ပြီး ဈေးကွက်ချိတ်ဆောင်ရွက်နိုင်မှုမှာလည်း ဒီထက်မက ပိုမိုအားကောင်းလာမယ်လို့ယုံကြည်ပါတယ်။ ကျွန်တော်တို့အနေနဲ့ စိုက်ပျိုး၊ မွေးမြူရေး စားသောက်ကုန်ထုတ်လုပ်သည့် မည်သည့်လုပ်ငန်းရှင်၊ တောင်သူလယ်သမားကိုမဆို တိုင်းရင်းသားရေး၊ လူမျိုးရေး ခွဲခြားခြင်းမရှိဘဲ ဒီဝန်ဆောင်မှုတွေကိုပေးအပ်ကူညီသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ အမေရိကန်နိုင်ငံသားတွေဆီကနေ ယခုလိုပံ့ပိုးကူညီမှုကို လက်ခံပြီး Feed the Future Burma စိုက်ပျိုးရေးနှင့်အစားအစာထုတ်ကုန်စနစ်ဖွံ့ဖြိုးမှုစီမံကိန်းနဲ့ အတူတကွပူးပေါင်းဆောင်ရွက်ခြင်းဖြင့် စိုက်ပျိုး၊ မွေးမြူရေး စားသောက်ကုန်ထုတ်လုပ်ရေးမှတဆင့် ငြိမ်းချမ်းရေးနဲ့နိုင်ငံသာယာဝပြောရေးကိုပါ အားပေးမြှင့်တင်ကူညီဆောင်ရွက်ပေးနိုင်လိမ့်မယ်ဆိုတာကိုယုံကြည်ပါတယ်” ဟူ၍ ပြောကြားခဲ့ပါသည်။

MILS အနေဖြင့် ယခုစီမံကိန်းပြီးဆုံးသည့် (၂၀၂၄) ခုနှစ်၊ ဇွန်လတွင် ရှမ်းပြည်နယ်တောင်ပိုင်းနှင့် မြောက်ပိုင်းအထိလည်းကောင်း၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့်စစ်ကိုင်းတိုင်းဒေသကြီးများအထိပါ ဝန်ဆောင်မှုများ ချဲ့ထွင်တိုးချဲ့ပေးအပ်သွားနိုင်ပြီးဖြစ်သည်ဟု မျှော်မှန်းထားပါသည်။ MILS ၏ ပင်မအစားအသောက်အရည်အသွေးထိန်းချုပ်ရေးဓာတ်ခွဲခန်းအတွက် ISO/IEC 17025 နိုင်ငံတကာ အသိအမှတ်ပြုလက်မှတ်ရရှိရေးလုပ်ငန်းစဉ်များနှင့် ဓာတ်ခွဲစစ်ဆေးထပ်တိုးဝန်ဆောင်မှု (၅) မျိုး တိုးချဲ့ဆောင်ရွက်မှုများကိုမူ လာမည့် (၂၀၂၁) ခုနှစ်တွင် စတင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ အဆိုပါဝန်ဆောင်မှုများကို ရယူသုံးစွဲကြမည့် လုပ်ငန်းရှင်များနှင့် တောင်သူလယ်သမား အရေအတွက်မှာ (၉၇) ဦးမှ (၁၂၇၆) ဦးအထိတိုးတက်လာရန်မျှော်မှန်းထားပြီး (၂၀၂၂) ခုနှစ်အတွင်း ၎င်းတို့၏ ဝင်ငွေရရှိလာမှုသည် (၁) ဟက်တာလျှင် ပျှမ်းမျှခန့်မှန်းခြေ (၂၀) ရာခိုင်နှုန်းအထိ တိုးတက်ရရှိလာနိုင်စေရေးအတွက် အကူအညီပေးသွားနိုင်ရန်မျှော်မှန်းထားပါသည်။ ထို့အပြင် MILS အနေဖြင့် အဆိုပါစီမံကိန်းကို ယခုနှစ်အတွင်း ကနဦးအနေဖြင့် စတင်လည်ပတ်လုပ်ကိုင်ဆောင်ရွက်သည့်အချိန်မှစတင်၍ စုစုပေါင်း ဝန်ထမ်းဦးရေ (၁၉) ဦးခန့်အပ်ရာတွင် (အမျိုးသမီး (၄၀) ရာခိုင်နှုန်း၊ လူငယ်ဝန်ထမ်း (၈၀) ရာခိုင်နှုန်း) အချိန်ပြည့်လစာနှုန်းထားဖြင့်လုပ်ကိုင်နိုင်မည့် အလုပ်အကိုင်အခွင့်အလမ်းများကိုပါ ခေါ်ယူပေးအပ်သွားမည်ဖြစ်ပါသည်။

**ကျွန်ုပ်တို့အကြောင်း။ Myanmar Innovative Life Sciences (MILS) သည် စိုက်ပျိုး၊ မွေးမြူစားသောက်ကုန်ထုတ်လုပ်သူများအား ပိုမိုဘေးကင်းလုံခြုံစိတ်ချ၊ အရည်အသွေးမြင့်မားသော စိုက်ပျိုး၊ မွေးမြူ စားသောက်ကုန်များအား ရေရှည်တည်တံ့ခိုင်မြဲစွာထုတ်လုပ်နိုင်စေရေးနှင့် ဈေးကွက် ပိုမိုတိုးတက်ချဲ့ထွင်ရရှိလာနိုင်စေရေးအတွက် အစားအစာဘေးကင်းရေးဆိုင်ရာနည်းပညာအကူအညီများပေးအပ်လျက်ရှိသောကုမ္ပဏီတစ်ခုဖြစ်ပါသည်။ ပိုမိုသိရှိလိုပါက** www.milsciences.com (သို့မဟုတ်) www.facebook.com/milsciences **တွင် ဝင်ရောက်လေ့လာနိုင်ပါသည်။**

သတင်းမီဒီယာများဆက်သွယ်ရန်- ဒေါ်သိမ်မွေ့နန္ဒာ၊

ဖုန်း၊ ၀၉-၄၀၈ ၁၅၃ ၅၁၄

အီးမေးလ်၊ enquiries@milsciences.com

**သတင်းထုတ်ပြန်ကြေငြာချက် ဤတွင်ပြီးဆုံး၏။**